# ကိုဗစ်-၁၉ အထူးချေးငွေ ပေးဆပ်ရန်ကာလနှင့် ၂၀၂၁ – ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးမှုကာလများကို တိုးမြှင့်ပြင်ဆင်သတ်မှတ်ကြောင်း တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ဘဏ်တည်ထောင်သည့် ၁၉၅၃ ခုနှစ်မှစ၍ တောင်သူလယ်သမားဦးကြီးများနှင့် ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်ကျေးဇူးပြုရင်း ရပ်တည်လာခဲ့သည်မှာ နှစ်ပေါင်း (၇၀) နီးပါး ရှိခဲ့ပြီဖြစ်ပါသည်။ ယခင်က စိုက်ပျိုးစရိတ်ချေးငွေတစ်ခုတည်းကိုသာ ထုတ်ချေးခဲ့ရာမှ ယနေ့အချိန်တွင် စိုက်ပျိုးစရိတ်ချေးငွေ သာမက ဖွံ့ဖြိုးရေးချေးငွေများဖြစ်ကြသည့် စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးနှစ်ဆင့်ချေးငွေ (JICA, Two Step Loan)၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးနှစ်ဆင့်ချေးငွေ (MEB, Two Step Loan) နှင့် ကိုဗစ်-၁၉ အထူးချေးငွေ စသည့်ချေးငွေများကိုလည်း တိုးတက်ထုတ်ချေးလျက်ရှိပါသည်။

၂။ ယခုအခါ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ရသော သွားလာမှုကန့်သတ်ချက်များ၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု အခက်အခဲများ၊ သယ်ယူပို့ဆောင်မှုအခက်အခဲများ စသည်တို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူဦးကြီးများ၏ အခက်အခဲများကို အထိုက်အလျောက်ပြေလည်စေရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေစွာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူထားသော ကိုဗစ်-၁၉ အထူးချေးငွေ ပြန်လည်ပေးဆပ်မှုနှင့် ဆောင်းရာသီစိုက်ပျိုးကာလအမီ ချေးငွေသစ်များ အဆင်ပြေစွာထုတ်ချေးနိုင်ရေးအတွက် ကိုဗစ်-၁၉ အထူးချေးငွေ ပြန်လည်ပေးဆပ်ရမည့်ကာလနှင့် ၂၀၂၁ – ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးသည့်ကာလများကို အောက်ပါအတိုင်း တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးထားပါသည် –

(က) **ကိုဗစ်-၁၉ အထူးချေးငွေ** ပြန်လည်ပေးဆပ်ရန်ကာလကို ပထမအကြိမ် ပြင်ဆင်သတ်မှတ်ဖြေလျှော့ပေးခဲ့သည့် (၃၁ – ၁၂ – ၂၀၂၁) ရက်နေ့အစား ၂၀၂၂ ခုနှစ်၊ မတ်လကုန် အထိ။

(ခ) **၂၀၂၁ – ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ** ထုတ်ချေးပေးမှုနောက်ဆုံးရက်ကို (၃၁ – ၁ – ၂၀၂၂) ရက်နေ့အစား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန် အထိ။

၃။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားဦးကြီးများအနေဖြင့် ယခင်ချေးငွေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲများနှင့် အချိန်မီ ဆက်သွယ်ဆောင်ရွက်ကြပါရန် လေးစားစွာဖြင့် အသိပေး ကြေညာအပ်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်